# COVID-19 အတွက် ကုသနည်းများ

Burmese 12/2022

## ကုသနည်းတွေက ဘာတွေလဲ။



COVID-19 ကူးစက်မှုကို ကူညီတိုက်ခိုက်ပေးရန် ပိုးသတ်ဆေးများအပါအဝင် ဆေးဝါးများစွာ ရှိပါသည်။ ဤကုသနည်းများသည် အပြင်းအထန်နာမကျန်းမဖြစ်အောင်၊ ဆေးရုံမတက်ရအောင် သင့်ကိုကာကွယ်နိုင်သော်လည်း ရောဂါလက္ခဏာများစတင်ခံစားရသည်နှင့် တတ်နိုင်သမျှအမြန်ဆုံး ဤကုသနည်းများဖြင့် ကုသမှုခံယူရပါမည်။ ကာကွယ်ဆေးထိုးခြင်းသည် COVID-19 ကို ကာကွယ်ရန် အကောင်းဆုံးနည်းလမ်း ဖြစ်နေပါသေးသည်။

## ယင်းကုသနည်းများက ကျွန်ုပ်ကိုကူညီနိုင်မည်လား။

သင့်တွင် COVID-19 ပိုးတွေ့ကြောင်း စစ်ဆေးတွေ့ရှိပြီး အပြင်းအထန်ဖျားနာနိုင်ခြေ မြင့်မားကာ ရောဂါလက္ခဏာစတင်သည်မှာ မကြာသေးလျှင် ဤကုသနည်းများကို ခံယူခွင့်ရှိနိုင်သည်။ အသက် 28 ရက်သားအရွယ် ကလေးငယ်များနှင့် ပြင်းထန်စွာဖျားနာမှုအန္တရာယ် မြင့်မားသောကလေးများသည် ကုသမှုအတွက် သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။ ဤကုသနည်းများသည် သင်နှင့် သင့်ကလေးအတွက် ဘေးကင်းထိရောက်မှုရှိ၊ မရှိ သိနိုင်ရန် ဆရာဝန်တစ်ဦးနှင့် ဆွေးနွေးပြောဆိုပါ။

## ဘယ်အချိန်တွင် ကုသမှုခံယူသင့်သလဲ။



သင်ဖျားနာစပြုပြီး မကြာမီ ၎င်းတို့ကိုရရှိပါက၊ ဤဆေးများသည် အာနိသင်ရှိပြီး အထိရောက်ဆုံးဖြစ်ပါသည်။ ရောဂါလက္ခဏာစပြပြီး ပထမ 5 ရက်အတွင်း ဗိုင်းရပ်စ်ပိုးသတ်ဆေးကို စတင်သောက်သုံးရန် လိုအပ်သည်။ သင့်တွင်ရောဂါလက္ခဏာများ ခံစားနေရလျှင် COVID-19 ရှိ၊ မရှိ ချက်ချင်း စမ်းသပ်မှုခံယူရန် အရေးကြီးသည်။ သို့မှသာ ဤဆေးကို ရရှိပြီး သောက်သုံးနိုင်မည်ဖြစ်သည်။ သင့်အနီးရှိ စမ်းသပ်နေရာကို ဤဝက်ဘ်ဆိုက်တွင် ရှာဖွေပါ- https://coronavirus.utah.gov/testing-and-treatment

## ဘယ်လို ကုသပေးပါသလဲ။

ပိုးသတ်ဆေးများကို ဆရာဝန်ကဆေးညွှန်းပေးကာ အိမ်တွင် တစ်ရက်လျှင် 2 ကြိမ်စီ 5 ရက်ကြာ သောက်ရပါမည်။ သင်တန်းဆင်း ခွင့်ပြုချက်ရ ကျန်းမာရေးစောင့်ရှောက်ပေးသူများသာလျှင် ပိုးသတ်ဆေးသောက်ရန် ဆေးစာရေးပေးခွင့်ရှိသည်။

## ဆေးဝါးတွေက စိတ်ချရပါသလား။

ဤဆေးများကို ဗဟိုဆေးဝါးစီမံကွပ်ကဲရေးဌာန (FDA) က အသိအမှတ်ပြုထားပြီး ဘေးကင်းကာ ထိရောက်မှုရှိကြောင်း လက်တွေ့စမ်းသပ်ကုသမှုများဖြင့် သက်သေပြခဲ့ပြီး ဖြစ်သည်။ ဆေးဝါးနှင့် ကုသနည်းအားလုံးတွင် ဘေးထွက်ဆိုးကျိုးဟူသည် ရှိစမြဲပင်ဖြစ်သည်။ ဘေးထွက်ဆိုးကျိုးများနှင့် စောင့်ကြည့်ရမည့်အရာများအကြောင်း သင်စိုးရိမ်ပူပန်နေပါက သင့်အားဤဆေးဝါးများ သောက်ခိုင်းသည့် ဆရာဝန် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်ပေးသူနှင့် ဆွေးနွေးပြောဆိုပါ။

**၎င်းဆေးတို့ကို ဘယ်မှာရနိုင်မလဲ။** ပြည်နယ်တစ်ဝှမ်းရှိ သင်၏မူလ စောင့်ရှောက်မှုပေးသူ၊ ဆရာဝန်ဆေးခန်းများ၊ အရေးပေါ်ကုသရေးဆေးခန်းများ၊ ဆေးရုံများနှင့် ဆေးဆိုင်များသည် အဆိုပါဆေးဝါးများကို ပံ့ပိုးပေးနိုင်ပါသည်။ ဤဆေးများသည် သင့်အတွက် သင့်လျော်မှုရှိ မရှိ သိရန် ဆရာဝန်နှင့် ဆွေးနွေးပြောဆိုပါ။ ဤကုသမှုများခံယူရန် သင့်အား အခကြေးငွေ ကောက်ခံနိုင်သည် သို့မဟုတ် သင်၏ အာမခံထံ ငွေတောင်းခံလွှာ ပေးပို့နိုင်ပါသည်။

ဤကုသမှုများရရှိနိုင်သည့် နေရာတို့ကိုကြည့်ရှုရန်အတွက် coronavirus.utah.gov/treatments သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် Utah ကျန်းမာရေးနှင့် လူသား ဝန်ဆောင်မှုဌာနထံ 385-273-7878 သို့ ခေါ်ဆိုပါ။